# မာတိကာ


* ဘာသာပြန်သူအမှာ
၁။ ခွင့်နှစ်ပတ် ........................ ၁
၂။ လမ်းပျောက်ခြင်း ........................ ၇
၃။ အမြင့်ကမြင်ရတဲ့ မြင်ကွင်း ........................ ၁၇
၄။ အိပ်မက်များ ........................ ၂၅
၅။ ရှာပုံတော်ခရီး ........................ ၂၉
၆။ အိမ် ........................ ၃၃
၇။ ပျော်ရွှင်မှု ........................ ၃၉
၈။ ဆုဖိ ........................ ၄၃
၉။ ကောလိပ် ........................ ၄၇
၁၀။ တေးသွားတစ်ပုဒ် ........................ ၅၁
၁၁။ အကောင်းမြင်သဘောထား ........................ ၅၉
၁၂။ ခွေးတွေမှာ ရည်ရွယ်ချက်ရှိတယ် ........................ ၆၇
၁၃။ စားသောက်ဆိုင် ........................ ၆၉
၁၄။ ဝန်ဆောင်မှု ........................ ၇၅
၁၅။ အတိတ်က ပင်ကိုစွမ်းရည်များ ........................ ၇၉
၁၆။ အခွင့်အလမ်းအသစ် ........................ ၈၁
၁၇။ ဌွန် ........................ ၈၇
၁၈။ ဆုံးဖြတ်ချက် ........................ ၁၀၁
၁၉။ အချိန်ကိုက်ဖြစ်ခြင်း ........................ ၁၀၃
၂၀။ ရည်ရွယ်ချက်ဖြစ်ပေါ်လာပုံအဆင့်ဆင့် ........................ ၁၀၇
၂၁။ ရည်ရွယ်ချက်အဆင့် ၄ ဆင့် ........................ ၁၁၃
၂၂။ ထင်ပေါ်ခြင်း ........................ ၁၂၅
၂၃။ ဖြစ်ထွန်းခြင်း ........................ ၁၃၁
၂၄။ စမ်းသပ်မှုများ ........................ ၁၃၅
၂၅။ မှတ်မိနေတဲ့အိပ်မက် ........................ ၁၃၉
၂၆။ အောင်မြင်ခြင်း ........................ ၁၄၁
၂၇။ အပြောင်းအလဲလုပ်ခြင်း ........................ ၁၄၃
၂၈။ ပေါ်များကြွယ်ဝခြင်း ........................ ၁၄၅
၂၉။ လူတိုင်းအတွက် အချိန်ကာလအပိုင်းအခြား ........................ ၁၅၃
၃၀။ အသီးအပွင့်များ ........................ ၁၅၉


# ဘာသာပြန်သူအမှာ

တစ်နေ့ ကျွန်တော် Amazon မှာ စာအုပ်ရှာရင်း The Seed ဆိုတဲ့စာအုပ် တွေ့ပါတယ်။ "သစ်စေ့ခုနစ်စေ့ရဲ့လျှို့ဝှက်ချက်" (The Secret of the Seven Seeds) စာအုပ်ကို ဘာသာပြန်ထားဖူးတော့ The Seed ကို မြင်လိုက်တာနဲ့ စာမြည်းဖတ်ကြည့်လိုက်တာ စိတ်ဝင်စားပြီး စာအုပ်မှာပေးနေကျ ကိုကောင်းမြတ်စံ (Hobby Business) ဆီကနေ မှာလိုက်ပါတယ်။ စာအုပ်ရောက်လာတဲ့နေ့မှာပဲ ထိုင်ဖတ်တာ ဆက်တိုက်ဖတ်ဖြစ်သွားပြီး တစ်ခါတည်း ပြီးသွားပါတယ်။ ဖတ်ပြီးပြီးချင်းပဲ ဒီစာအုပ်ကို ဘာသာပြန်ထုတ်မယ်ဆိုပြီး နောက်နေ့မှာ စပြန်ပါတယ်။

အဲဒီလိုနဲ့ ၁-၁-၂၀၁၉ မှာ ဘာသာစပြန်ပြီး လေးပိုင်းလောက်ပြန်အပြီးမှာ မအားတာနဲ့ ပစ်ထားလိုက်ပါတယ်။ ကြားထဲမှာ အခြားစာအုပ်တွေ ထုတ်ဖြစ်တယ်။ ၂၀၂၀ COVID - 19 ဒုတိယကာလ Stay Home နေရင်း ၂၀-၉-၂၀၂၀ ကျမှ ပြန်စကိုင်ပြီး ဘာသာပြန်ဖြစ်ရင်း ၁၃-၁၀-၂၀၂၀ မှာ အပြီးသတ်နိုင်ခဲ့ပါတယ်။

ဒီစာအုပ်ဘာသာပြန်ဖြစ်တာက၊ သစ်စေ့ခုနစ်စေ့ရဲ့ လျှို့ဝှက်ချက် ပြန်ဖြစ်တာနဲ့ မတူတာက သစ်စေ့တုန်းကဇာတ်လမ်းက ကိုယ်နဲ့တိုက်ဆိုင်လို့ သဘောကျပြီး ပြန်ဖြစ်တာပါ။ အခုစာအုပ်ကတော့ လမ်းပျောက်နေတဲ့သူတွေအတွက် ဘာသာပြန်ဖြစ်တာပါ။

အခုဆို မိသားစုနဲ့ ကိုယ်ရေးကိုယ်တာ ဘဝရော၊ လုပ်ငန်းခွင်ဘဝမှာပါ ဘာလုပ်ရမှန်းမသိဘဲ မျှော်လင့်ချက်နဲ့ ရည်ရွယ်ချက်မဲ့သလို လမ်းပျောက်နေတယ်ဆိုတဲ့ လူငယ်၊ လူလတ်နဲ့ အချို့ လူကြီးပိုင်းတွေအထိ ကြားရ မြင်ရလေ့ရှိပါတယ်။ အခု ဒီစာအုပ်ကလည်း အဲဒီလို လမ်းပျောက်နေတဲ့လူတစ်ယောက် နောက်ဆုံးမှာ သူ့ရည်ရွယ်ချက်ကို ရှာတွေ့သွားပြီး သူ လျှောက်ရမယ့်လမ်းကို တွေ့သွားပုံ အကြောင်း ရေးထားတာပါ။

နောက်တစ်ခုက ဒီစာအုပ်က ဖြစ်ရပ်မှန်မဟုတ်ဘဲ စာရေးသူက သူပေးချင်တဲ့ မက်ဆေ့ဂျ်အတွက် စိတ်ကူးပုံဖော် ဖန်တီးထားတဲ့ဇာတ်လမ်း (Fable) တစ်ခုပါ။ ဒါကြောင့် ဒီထဲက ဇာတ်ကောင်နဲ့ အပြင်ကလူအဖြစ်နဲ့ သွားတူရင် တိုက်ဆိုင်မှုတစ်ခုသာ ဖြစ်သလို ပေးချင်တဲ့မက်ဆေ့ဂျ်အတွက် ဇာတ်လမ်းဆင်ထားတဲ့အတွက် လက်တွေ့ဘဝလို ယုတ္တိရှိချင်မှလည်း ရှိပါလိမ့်မယ်။

နောက်တစ်ခုက "သစ်စေ့ခုနစ်စေ့ရဲ့ လျှို့ဝှက်ချက်" စာအုပ်တုန်းက ဗုဒ္ဓဘာသာရှုထောင့်နှယ်သလိုပဲ ဒီစာအုပ်ရေးသူက ခရစ်ယာန်ဘာသာတရား သက်ဝင်ယုံကြည်သူတစ်ယောက်ရှုထောင့်ကနေ ရေးထားပါတယ်။ ဒီစာအုပ်က မက်ဆေ့ဂျ်ပေးချင်လို့ စိတ်ကူးဖန်တီးထားတဲ့ ဇာတ်လမ်းဆိုပေမဲ့ ကျွန်တော်ရတဲ့ မက်ဆေ့ဂျ်နဲ့ စာဖတ်သူတစ်ဦးချင်းရတဲ့မက်ဆေ့ဂျ် တူတာရှိသလို မတူတာလည်း ရှိပါတယ်။

နောက်တစ်ခုက ဘာမက်ဆေ့ဂျ်မှ မရတာလည်းဖြစ်နိုင်ပါတယ်။ စာအုပ်ဖတ်တိုင်း မက်ဆေ့ဂျ်ရချင်လို့ မဟုတ်ဘဲ ဒီအတိုင်း စိတ်ပြေလက်ပျောက်ပဲဖြစ်ဖြစ်၊ နားနားနေနေ ဖတ်ချင်လို့ပဲဖြစ်ဖြစ် ဒီအတိုင်းဖတ်ချင်လို့ ဖတ်တာမျိုးလည်း ရှိနိုင်တဲ့အတွက် ဒီစာအုပ်ဖတ်ပြီး မက်ဆေ့ဂျ်ရတဲ့သူ ရှိနိုင်သလို ဘာမက်ဆေ့ဂျ်မှမရတောင် ဒီအတိုင်းဖတ်ပြီး လမ်းပျောက်နေတဲ့လူတစ်ယောက်ရဲ့ဇာတ်လမ်းကိုတော့ သိသွားမယ်လို့ မျှော်လင့်ထားပေမဲ့ အဆင်မပြေဖြစ်ခဲ့ရင် မူရင်းရေးသူကြောင့် မဟုတ်ဘဲ ကျွန်တော် ပြန်ချင်လို့ပြန်ထားတာဖြစ်တဲ့အတွက် ဘာသာပြန်သူ ကျွန်တော့်မှာပဲ တာဝန်ရှိတယ်လို့ ဆိုချင်ပါတယ်။

နောက်ဆုံး မပါမဖြစ်ပြောချင်တာကတော့ ကျေးဇူးတင်စကားပါ။ ဒီစာအုပ်ကို ဖတ်ခွင့်ရအောင်၊ ဖတ်ပြီး ပြန်ခွင့်ရအောင် စာအုပ်ရှာပေးတဲ့ ကိုကောင်းမြတ်စံ (Hobby Business)၊ အပြီးသတ်ပြန်ခွင့်ရအောင် အချိန်ဖန်တီးပေးတဲ့ COVID - 19 ၊ စာအုပ်အဖြစ်ထုတ်ပေးမယ့် ထုတ်ဝေသူ၊ စာအုပ်အဖုံးကို စိတ်တိုင်းကျဆွဲပေးတဲ့ ဇူးဇူးလွင်မောင် (Zu Art Villa)၊ စာစီစာရိုက်ပေးတဲ့ မစောနဲ့ တစ်အုပ်လုံးကို ပရုဖ်ဖတ်ပေးတဲ့ ကိုတင်မင်းလတ် (ကလောင်အမည်-ဆောင်းဖြူ) တို့ကို ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောချင်ပါတယ်။

**ဖြိုးဝေ (မဟာဝိဇ္ဇာ)**
၃-၁၁-၂၀၂၀ (အင်္ဂါနေ့)
ရန်ကုန်မြို့။